တိုးတိုးလာသဖြင့် ဖယ်ရှားခြင်းကို နောက်ကျနိုင်သလောက် နောက်ကျ၍ ထားရှိနိုင်သော်လည်း Slip များမှာ အသီးရင့်မှည့်မှုကို နောက်ကျ စေပါသည်။

အသီးဆွတ်ခူးပြီးနောက် မိခင်အပင်တွင် သားတက်တစ်ခုသာချန်ပြီး ကျန်သားတက်အားလုံးကို ဖယ်ရှားပစ်ပါ။ သားတက်များ ဖယ်ရှားပြီး မြေဩဇာ ကျွေးပါ။ အပင်ခြေကိုလည်း မြေဖို့ပေးရပါမည်။

## ပန်းပွင့်ရန် ဆောင်ရွက်ခြင်း

ယေဘုယျအားဖြင့် နာနတ်ပင်များသည် ပင်ပိုင်းဆိုင်ရာကြီးထွားမှု တစ်ချိန်ချိန်သို့ရောက်သောအခါ ပန်းစပွင့်လာပါသည်။ အပင်စိုက်ပြီး (၁၁-၁၂) လ အကြာတွင် အပင်၌အရွက် အနည်းဆုံး (၄၀) ရွက်ထွက်ပြီးချိန်တွင် ပန်းပွင့်ရန် ရင့်ခြင်းအဆင့် (ripeness - to - flowers stage) ကို ရရှိပါသည်။ အပင်စိုက်ပြီး (၁၅-၁၈) လခန့်ကြီးထွားပြီး ဖြစ်သော်လည်း အပင် (၄၀-၅၀) ရာခိုင်နှုန်းခန့်သာ ပန်းစပွင့်ပါသည်။ သို့ဖြစ်၍ ပန်းပွင့်စေရန်နှင့် ပန်းပွင့်မှု ညီညာစေရန် ဆောင်ရွက်ရန်မှာ လိုအပ်လာပါသည်။ နာနတ်တွင် Ethephon (Ethrel) 100 ppm ကို အသုံးပြု၍ ပန်းပွင့်အောင် ဆောင်ရွက်နိုင်ပါသည်။ $NaCo_3$ 0.04% ကို Ethrel နှင့်ရောသုံးပါက Ethrel ပြင်းအားကို (25) ppm အထိ လျှော့ချနိုင်ပါသည်။ ဆေးဖျော်ရည် (၅၀) စီစီကို အပင်၏ အလယ်တည့်တည့်သို့ လောင်းချပါ။ အသီးအရွယ်အစား ကောင်းကောင်းရရှိရန် အစာချက်သော အရွက် အရေအတွက် (၃၅-၄၀)ရွက် ရှိသောအခါတွင်မှ ပန်းပွင့်ရန် ဆောင်ရွက်သင့်ပါသည်။

ပန်းပွင့်ရန် ဆောင်ရွက်ရာတွင် အသုံးပြုနိုင်သော အခြားဓါတုဗေဒပစ္စည်းများမှာ Nepthalene Acetic Acid (NAA) 10-15 ppm, Calcium carbide 20 gm ကို ရေတစ်လီတာတွင် ဖျော်၍ရရှိသော ဖျော်ရည်လတ်လတ်ဆတ်ဆတ်တို့ဖြင့် ပန်းပွင့်အောင်ဆောင်ရွက်နိုင်ပါသည်။

## တစ်နှစ်ပတ်လုံး သီးထွက်ရရှိနိုင်မှု

တစ်နှစ်ပတ်လုံး အသီးထွက်ရှိရန်အတွက် -

၁ အမျိုးအစားမတူသည့်မျိုးပင် (အပင်အစိတ်အပိုင်း၊ သားတက်များ)ကို အသုံးပြုစိုက်ပျိုးခြင်း။

၂ Sucker နှင့် Slip ကို စိုက်ချိန် ပုံမှန်ခြား၍ ဇူလိုင်မှ ဒီဇင်ဘာလထိ စိုက်ပျိုးခြင်း။

၃ ပန်းပွင့်ရန် အသုံးပြုသည့် ဓါတုဗေဒဆေးများ အသုံးပြုခြင်း စသောနည်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။ အသင့်တော်ဆုံးသော ဆောင်ရွက်နည်း ဖြစ်ပါသည်။

## ရိတ်သိမ်းခြင်း နှင့် အထွက်နှုန်း

အပင်စိုက်ပြီး (၁၁-၁၂) လ အကြာတွင်ပန်းပွင့်ပြီး၊ (၁၅-၁၈) လ အကြာတွင် ရိတ်သိမ်းနိုင်သော အဆင့်ကိုရရှိနိုင်ပါသည်။ ဆောင်းရာသီတွင် ရင့်မှည့်သောအသီးများမှာ အချဉ်ဓါတ်များသည်။ စည်သွတ်ရန်အတွက်ဖြစ်လျှင် ကြီးထွားဆဲ အသီး၏အခြေတွင် အရောင်အနည်းငယ်ပြောင်းလျှင် ရိတ်သိမ်းပါသည်။

စည်သွတ်ရန်အတွက် အသီးများကို တချိန်တည်းဆွတ်ခူးနိုင်ရန် အသီးများရင့်မှည့်ချိန်တွင် Ethrel ပြင်းအား (၁၂၅ - ၂၅၀) ppm ရေဖျော်၍ အသီးတစ်ခုလုံးကို ပက်ဖျန်းပေးပါ။ လတ်လတ်ဆတ်ဆတ် စားသုံးရန်အတွက် ဖြစ်လျှင် အသီးအရောင် ရွှေဝါရောင်သို့ ဖြစ်လာသည့်အထိ ထားရှိရပါမည်။ အသီး ပေါ်ရှိအပင် (Crown) ပါသည့် အသီးကို ဆွတ်ခူးပြီး (၁၀-၁၅) ရက်အထိ အပျက်အစီးမရှိ ထားသိုနိုင်ပါသည်။

ပထမနှစ်လမိုင်းခင်းနှင့် ဒုတိယနှစ်လမိုင်းခင်းမှ အသီးအလေးချိန်များမှာ စိုက်ခင်းသစ်မှ ရရှိသည့်အသီး (ပထမဆုံးရသည့် အသီး) အလေးချိန်၏ (၈၈) ရာခိုင်နှုန်းနှင့် (၇၉) ရာခိုင်နှုန်း အသီးသီးရှိပါသည်။ လမိုင်းသက်တမ်းကြာရှည်လာသည်နှင့် ပန်းပွင့်သည့် အပင်ဦးရေ၊ အသီးအရွယ်အစားများ လျော့နည်းလာပါသည်။ လုပသော အသီးအရေအတွက်တိုးလာပါသည်။

စိုက်ပျိုးသည့်မျိုး၊ စိုက်စနစ်၊ စိုက်ပျိုးသည့်ဒေသနှင့် သက်တမ်းကို လိုက်၍ တစ်ဧကအထွက်နှုန်း (၂၈ - ၄၀) တန် အထိ ထွက်ရှိပါသည်။



မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
စိုက်ပျိုးပညာပေးရေးဌာနခွဲ

# နာနတ် စိုက်ပျိုးနည်း



# နာနတ်စိုက်ပျိုးနည်း

## မျိုးများ

နာနတ်သီးတွင်မျိုး အုပ်စု (၃) ခု ရှိပါသည်။

**Cayenne** အုပ်စုသည် အဓိကအရေးပါသော အုပ်စုဖြစ်ပြီး၊ ၎င်းအုပ်စုတွင် **Kew** မျိုးများပါဝင်ပါသည်။ **Kew** မျိုးများမှာ အသီးအရွယ်အစား (၂.၃ - ၃.၆) ကီလိုဂရမ် ထိ ကြီးမားသည်။ စည်သွတ်ရန် သင့်တော်သောမျိုးဖြစ်သည်။ အသား အဝါရောင်ရှိ၍ အရည်ရွှမ်းသည်။ အရွက်၏ အဖျားပိုင်းရွက်နားတွင်သာ ဆူးအနည်းငယ် ပါရှိပါသည်။

**Queen** အုပ်စုတွင် ပါဝင်သော မျိုးများမှာ လတ်လတ်ဆတ်ဆတ် စားသုံးရန် အတွက်ဖြစ်သည်။ အသီးအရွယ်အစား ငယ်လေ့ရှိသည်။ **Queen** အုပ်စုတွင်ပါဝင်သော မျိုးပြားအလိုက် အသီးအရွယ်အစား (၀.၄၅ မှ ၂.၇) ကီလိုဂရမ်အထိ ရှိပါသည်။ အရွက်နားတစ်လျှောက်တွင် ဆူးများ ရှိပါသည်။

**Spanish** အုပ်စုတွင်ပါဝင်သော မျိုးများမှာ အသားအဖြူရောင်ရှိပါသည်။ အခြားမျိုးများထက်ပို၍ အပင်သန်စွမ်းပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိပါသည်။ သက်တမ်းရှည်သောမျိုးဖြစ်သည်။ အသီးအလေးချိန် (၀.၉ မှ ၁.၄) ကီလိုဂရမ်ထိ ရှိပါသည်။ အရည်အသွေးအနေဖြင့် စည်သွတ်ရန်အတွက် မသင့်တော်ပါ။

## မြေအမျိုးအစား

မြေဆီဩဇာ ထက်သန်ပြီး ရေစီးစိမ့်မှုကောင်းသော သဲဆန်သောမြေ၊ နုန်းမြေ၊ ဂဝံမြေနီများသည် နာနတ်စိုက်ပျိုးရေးအတွက် အသင့်တော်ဆုံးမြေများ ဖြစ်သည်။ အသင့်တော်ဆုံး မြေအချဉ်အငံဓါတ် pH မှာ (၅.၅ - ၆) ဖြစ်သည်။

## ရာသီဥတု

အသင့်တော်ဆုံးအပူချိန်မှာ (၁၅.၅ - ၃၂.၅) ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် အမြင့် (၁၅၂၅) မီတာအထိ စိုက်ပျိုးနိုင်ပါသည်။ အသင့်တော်ဆုံး မိုးရေချိန်မှာ (၁၅၀) စင်တီမီတာဖြစ်ပါသည်။

## မျိုးပွားခြင်း

အပင်ဖြစ်ထွန်းမှုမှာ စိုက်ပျိုးသည့် နာနတ်အမျိုးအစား၊ မျိုးပင်အမျိုးအစား အပေါ် မူတည်ပါသည်။ နာနတ်မျိုးပွားရာတွင် သားတက်များကို မျိုးပင်အဖြစ် ဖြတ်ယူမျိုးပွားကြရသည်။ မျိုးပွားနိုင်သော သားတက် (၃) မျိုးရှိသည်။

၁။ Slip အသီးအောက်မှ ထွက်လာသော သားတက်
၂။ Sucker ပင်စည်မှ ထွက်လာသော သားတက်
၃။ Crown အသီးပေါ်မှ ထွက်လာသော အပင်

အသီးအောက်မှထွက်လာသော သားတက်များ၊ Slip စိုက်ပျိုးခြင်းသည် ပင်စည်မှထွက်လာသော သားတက် Sucker စိုက်ပျိုးခြင်းထက် ပိုကောင်းပြီး ၎င်းနှစ်မျိုးက အသီးပေါ်ရှိအပင် Crown ကို စိုက်ပျိုးခြင်းထက် ပိုကောင်းပါသည်။ အကယ်၍ Slip ကို မရရှိနိုင်ပါက အလေးချိန် ၅၀၀ ဂရမ်ရှိ Sucker များကို စိုက်ပျိုးခြင်းက အကောင်းဆုံးဖြစ်သည်။ အကယ်၍ Slip အထွက်များသော မျိုး ဖြစ်ပါက အလေးချိန် ၃၅၀ ဂရမ်ရှိ Slip မှာ အကောင်းဆုံးဖြစ်ပါသည်။

Slip များမှာ ညီညာပြီး အရွယ်အစားကြီးသော အသီးများသီး၍ Sucker များမှာ Slip ထက် သီးမှည့်မှု အနည်းငယ် ပိုစောပါသည်။ Crown အပင်များမှာ အသီးထွက် ရက် (၇၀) ခန့်နောက်ကျပါသည်။ အချို့မျိုးများတွင် Slip မထွက်ပါ။

စိုက်ပျိုးသည့် သားတက်အမျိုးအစား ကွဲပြားသည်နှင့်အမျှ အပင်ကြီးထွားမှု မညီမညာဖြစ်ကာ အသီးအထွက်လည်း မညီညာကြချေ။ ဤအချက်သည် တစ်နှစ် ပတ်လုံး နာနတ်သီးမပြတ် ထွက်ရှိရေးတွင်ဆောင်ရွက်ရန် လိုအပ်ချက်တစ်ခု ဖြစ်သည်။

## စိုက်ပျိုးခြင်း

စိုက်ပျိုးစနစ်မှာ မြေမျက်နှာပြင်အနေအထားနှင့် မိုးရေချိန်ပေါ် မူတည်၍ ကွဲပြားပါသည်။

(က) စိုက်ကျင်း ပြုလုပ်စိုက်ပျိုးခြင်း

မြေဆီလွှာတိုက်စားမှုမရှိသော နေရာများတွင် ဤနည်းဖြင့် စိုက်ပျိုးပါသည်။ (၁၅-၂၀) စင်တီမီတာအနက်ရှိ စိုက်ကျင်းများတူး၍ စိုက်ပါ။ မိုးများသော ဒေသများတွင် ရေနုတ်မြောင်းပြုလုပ်ပေးပါ။

(ခ) ထယ်ရေးမြောင်း ပြုလုပ်စိုက်ပျိုးခြင်း

ကမ်းရိုးတန်းဒေသ မိုးရေချိန်အသင့်အတင့်ရှိသော နေရာများတွင် စိုက်ပျိုးသော နည်းစနစ်ဖြစ်ပါသည်။ ဤစိုက်ပျိုးစနစ်တွင် ရေသွင်းပေးခြင်း မရှိပါ။ စိုက်ပျိုးရာတွင် (၃၀ - ၄၀) စင်တီမီတာအနက်ရှိ ထယ်ရေးမြောင်း အတွင်း အပင်များစိုက်ပျိုးခြင်းနှင့် (၁.၂ - ၁.၅) မီတာ အကျယ်ရှိ ဘောင်ပေါ် စိုက်ပျိုးခြင်းကို တလှည့်စီ စိုက်ပျိုးသွားခြင်းဖြစ်ပါသည်။

(ဂ) တူးမြောင်းရှည်များ ပြုလုပ်စိုက်ပျိုးခြင်း

စိုက်တန်း (၂) တန်းဝင် စိုက်မြောင်းနှင့် စိုက်ပျိုးခြင်းပါသည်။ စိုက်ကွင်းတွင် စိုက်မြောင်းနှင့် စိုက်ဘောင်တို့ တစ်လှည့်စီ ဖြစ်နေပါမည်။ ဆင်ခြေလျှော ကုန်းစောင်းတွင် ကုန်းစောင်းကို ကန့်လန့်ဖြတ်၍ စိုက်မြောင်းများ တူးရပါမည်။ စိုက်မြောင်းအနက်သည် (၂၂.၅ - ၃၀) စင်တီမီတာရှိရပါမည်။

စိုက်မြောင်းတိုင်းတွင် (၁၀-၁၅) စင်တီမီတာ အနက်ရှိ ထယ်ရေးမြောင်း ခင်တိမ်တိမ် နှစ်ကြောင်းပြုလုပ်ပြီး စိုက်မြောင်းနှုတ်ခမ်းမှ (၁၅) စင်တီမီတာချန်ထား ကာ Sucker နှင့် Slip များကို ထယ်ရေးမြောင်းများတွင် စိုက်ပျိုးပါသည်။ စိုက်မြောင်း တစ်ခုအတွင်း စိုက်ကြောင်း (၂) ကြောင်းပြုလုပ်ပြီး စိုက်ပျိုးရာတွင် စိုက်ပျိုးသည့် အပင်များ တစ်ပင်နှင့်တစ်ပင် မျက်နှာချင်းဆိုင် မဖြစ်စေရပါ။ အပင်လွှဲ၍ စိုက်ပျိုး ရမည်။ စိုက်စနစ် အားလုံးအတွက် ပင်ကြား (၂၅) စင်တီမီတာ၊ တန်းကြား (၆၀) စင်တီမီတာ၊ စိုက်မြောင်းအကွာအဝေး (၉၀) စင်တီမီတာဖြင့် စိုက်လျှင် တစ်ဧက အပင်ဦးရေ (၃၄၈၅၀) ဝင်ဆန့်ပါသည်။

## ဓါတ်မြေဩဇာကျွေးခြင်း

သီးထွက် တစ်ရာသီအတွက် တစ်ပင်လျှင် ယူရီးယား (၂၆) ဂရမ်၊ ပိုတက်ရှ် (၁၉) ဂရမ် ထည့်သွင်းပေးပါ။ အကယ်၍ မြေဆီဩဇာ ညံ့ဖျင်းသည့် မြေဖြစ်လျှင် တီစူပါ (၈) ဂရမ်နှုန်းထည့်ပေးပါ။ ယူရီးယားကို (၂) လခြား တစ်ကြိမ်နှုန်း တစ်နှစ်တွင် (၆) ကြိမ်၊ ပိုတက်ရှ်ကို (၂) ကြိမ် ခွဲကျွေးနိုင်ပါသည်။

ထည့်ရမည့် တီစူပါအားလုံးနှင့် ထည့်ရမည့် ပိုတက်ရှ် တဝက်ကို အပင်စိုက်ပျိုးချိန်တွင် ထည့်သွင်းပေးပြီး ကျန်သည့် ပိုတက်ရှ်ကို အပင်စိုက်ပြီး (၆) လ အကြာတွင် ထည့်သွင်းရန်ဖြစ်ပါသည်။ မိုးရေသောက်နေရာတွင် မြေကြီး အစိုဓါတ်ရှိသည့်အချိန်၌ ဓါတ်မြေဩဇာကို ထည့်သွင်းရန် ဖြစ်ပါသည်။

## မြေဖို့ပေးခြင်း

အပင်များအမြစ်ကောင်းစွာ စွဲရန်အတွက် အပင်ခြေရင်းကို မြေဖို့ပေးပါ။ အသီးသီးပြီးသောအခါတွင် အပင်အခြေမှာမြင့်သွားသဖြင့် အပင်ခြေမြေဖို့ခြင်းမှာ လမိုင်းခင်းများတွင် ပိုမိုအရေးကြီးပါသည်။

အပင်သိပ်သည်းစွာ စိုက်ပျိုးခြင်းစနစ်တွင် အပင်များလဲမကျစေရန် တစ်ပင် နှင့် တစ်ပင်ထောက်ကန်ထားသဖြင့် အပင်ခြေမြေဖို့ရန်မလိုအပ်ပါ။

အပင်ခြေကို မြေကြီးဖုံးအုပ်ပေးခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းရာတွင် အထောက်အကူရပြီး အစိုဓါတ်ထိန်းပေးသည်။ အနက်ရောင်ပလပ်စတစ်အစများ ကို မြေဖုံးပစ္စည်း အဖြစ်အသုံးပြုကြပါသည်။ ကောက်ရိုး၊ မြက်ခြောက်၊ လွှစာဆွေး၊ စပါးခွံတို့ဖြင့် အပင်ခြေနှင့် အပင်ကြားတွင် ဖုံးအုပ်ပေးနိုင်ပါသည်။

## SUCKER များ၊ SLIP များနှင့် CROWN များဖယ်ရှားခြင်း

ပန်းနိုင်ထွက်သည်နှင့် သားတက်များ စထွက်လာပါသည်။ အသီးကြီးထွားမှု နှင့်အတူ Slip များပေါက်လာပါသည်။ Slip များ စိုက်ပျိုးရန် အရွယ်သို့ရောက်လျှင် ရောက်ခြင်းဖယ်ရှားပေးပါ။ Sucker အရေအတွက်များလျှင် အသီးအလေးချိန်